နိုင်ငံခြားစာစစ်ဌာနများတွင်စစ်ဆေးသည့်မေးခွန်းလွှာ

# ၂၀၁၉ ခုနှစ်
# တက္ကသိုလ်ဝင်စာမေးပွဲ
# မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

**ပထဝီဝင်** **ခွင့်ပြုချိန် (၃)နာရီ**

သတိပြုရန်။ ။ အဖြေများကို စာအုပ်တွင်ဖြေပါ။ အပိုင်း(က)နှင့် အပိုင်း(င)မှ မေးခွန်းအားလုံး ဖြေဆိုရမည်ဖြစ်ပြီး၊ ကျန်အပိုင်းတစ်ပိုင်းစီမှတစ်ပုဒ်စီ စုစုပေါင်း(၅)ပုဒ် ဖြေဆိုရမည်။ လိုအပ်သည့်နေရာများတွင် မြေပုံ၊ ပုံကြမ်းနှင့် သရုပ်ပြပုံများရေးဆွဲပါ။

## အပိုင်း(က)

အောက်ပါတို့ကိုအားလုံးဖြေဆိုပါ။ (၁၅)မှတ်

၁။(က) အောက်ပါဖော်ပြချက်များကိုအမှား၊အမှန်ရွေး၍ မှန်လျှင်'မှန်'ဟုရေးပြီး မှားလျှင် 'မှား'ဟုရေးပါ။ (၅)မှတ်

(၁) မြေထုအတွင်း ငလျင်စတင်ဖြစ်ပွားသည့်နေရာကို ငလျင်ထိပ်ဟုခေါ်သည်။
(၂) ကမ္ဘာ့မြေထုကို ဗဟိုတူလွှာထုလုံး ဇုန်ကြီးလေးဇုန်အဖြစ် ပိုင်းခြားသတ်မှတ်နိုင်သည်။
(၃) ဘော်ဆိုင်းသတ္တုတွင်းသည် ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်တွင် တည်ရှိသည်။
(၄) စစ်တောင်းမြစ်အောက်ပိုင်း၌ ဒီရေအတက်ကြမ်းသောကြောင့် သင်္ဘောများမသွားလာနိုင်ပေ။
(၅) ဗြိတိန်နိုင်ငံသည် သမအေးပိုင်းတွင်ကျရောက်သည်။

(ခ) အောက်ပါတို့ကိုဖြည့်စွက်ရေးသားပါ။ (၅)မှတ်

(၁) ကျောက်များကို----များဖြင့် ဖွဲ့စည်းထားသည်။
(၂) ဗန်းမော်နှင့် မြစ်ကြီးနားကြား ဆင်ဘိုရွာ----တွင် ပထမမြစ်ကျဉ်းရှိသည်။
(၃) မြန်မာနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းအရှည်မှာ မျဉ်းဖြောင့်မိုင်----ကျော်ရှိသည်။
(၄) ပြင်သစ်နိုင်ငံ၏ ယေဘုယျရာသီဥတုအမျိုးအစားမှာ----ရာသီဥတုမျိုးဖြစ်သည်။
(၅) အမေရိကန်ပြည်ထောင်စု၏ မြို့တော်မှာ----မြို့ဖြစ်သည်။

(ဂ) အောက်ပါတို့အနက်မှ အဖြေမှန်ရွေးပါ။ (၅)မှတ်

(၁) ဂရက်နစ်ကျောက်အသွင်ပြောင်းလျှင်----ဖြစ်လာသည်။
(က) လိပ်သည်းကျောက် (ခ) သလင်းကျောက် (ဂ) သင်ပုန်းကျောက်
(၂) ရေပူစမ်းပေါက်များမှ ထွက်လာသောရေများတွင်----ဓာတ် အရည်ပျော်ဝင်နေလေ့ရှိသည်။
(က) ထုံး (ခ) သံ (ဂ) ကန့်
(၃) ပုသိမ်-ဟင်္သာတ-ကြံခင်း ရထားလမ်းသည်----မိုင်ရှည်သည်။
(က) ၁၅၇ (ခ) ၁၃၇ (ဂ) ၁၄၇
(၄) ဂျပန်နိုင်ငံ၏မြို့တော်မှာ----မြို့ဖြစ်သည်။
(က) ကျိုတို (ခ) တိုကျို (ဂ) အိုဆာကာ
(၅) ဗြိတိန်နှင့်အနီးဆုံး အင်္ဂလိပ်ရေလက်ကြားဥရောပနိုင်ငံမှာ----နိုင်ငံဖြစ်သည်။
(က) နော်ဝေ (ခ) ပြင်သစ် (ဂ) ဂျာမနီ

[တစ်ဖက်သို့

## အပိုင်း (ခ) သဘာဝပထဝီဝင်

အောက်ပါတို့အနက်မှ(၁)ပုဒ်ဖြေပါ။ (၁၅)မှတ်

၂။ မြေရွေ့ခြင်းကြောင့်ဖြစ်ပေါ်လာသော ကုန်းမြေသဏ္ဌာန်များ ပေါ်ပေါက်လာပုံကို သရုပ်ဖော်ရေးသားပါ။
၃။ မြေအောက်ရေနှင့်မြေအောက်ရေပြင်ကိုရှင်းပြပြီး မြေအောက်ရေတွင် တွင်းထွက်များပါဝင်မှုကို ဖော်ပြပါ။
၄။ အောက်ပါတို့ကိုမှတ်စုတိုရေးပါ။

(က) ကမ္ဘာ့အပေါ်ယံလွှာ(ဝါ)အခွံပိုင်း

(ခ) ကျွန်းများ

## အပိုင်း (ဂ) မြန်မာနိုင်ငံပထဝီဝင်

အောက်ပါတို့အနက်မှ(၁)ပုဒ်ဖြေပါ။ (၁၅)မှတ်

၅။ မြန်မာနိုင်ငံ၏မန်ဂနီ၊ နီကယ်၊ ခရိုမိုက်၊ ကိုဘော့နှင့် ခနောက်စိမ်းထွက်ရှိရာဒေသများပျံ့နှံ့မှုကို တင်ပြပါ။
၆။ မြန်မာနိုင်ငံတွင်တွေ့ရှိရသော ကျောက်မီးသွေးအမျိုးအစားများနှင့် ဒေသများကို ဆန်းစစ်ပါ။
၇။ အောက်ပါတို့ကိုမှတ်စုတိုရေးပါ။

(က) မြန်မာနိုင်ငံ၏ ဝတ်ဆင်ရေးလုပ်ငန်းများ

(ခ) မန္တလေး-မြစ်ကြီးနားနှင့် မန္တလေး-လားရှိုး ရထားလမ်းများ

## အပိုင်း (ဃ) ကမ္ဘာ့ပထဝီဝင်

အောက်ပါတို့အနက်မှ(၁)ပုဒ်ဖြေပါ။ (၁၅)မှတ်

၈။ ဂျာမနီနိုင်ငံ၏တည်နေရာနှင့် သဘာဝပထဝီဝင်ကို ပေါ်လွင်ထင်ရှားအောင် သရုပ်ဖော်ရေးသားပါ။
၉။ ဗြိတိန်နိုင်ငံ၏ တွင်းထွက်ပစ္စည်းကြွယ်ဝမှုနှင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို ဆန်းစစ်ပါ။
၁၀။ အောက်ပါတို့ကိုမှတ်စုတိုရေးပါ။

(က) ဂျပန်နိုင်ငံ၏ သစ်တော၊ တွင်းထွက်နှင့် စက်မှုလုပ်ငန်းများ

(ခ) ဩစတြေးလျနိုင်ငံ၏ စက်မှုလုပ်ငန်းများ

# အပိုင်း (င) လက်တွေ့ပထဝီဝင်

အောက်ပါတို့ကိုအားလုံးဖြေပါ။ (၄၀)မှတ်

၁၁။(က) ၂ လက်မလျှင် ၁ မိုင်စကေးမှ ကိုက် ၂၀၀ အထိပြသနိုင်သော စကေးကျဲပုံကို ရေးဆွဲပါ။ (၁၀)မှတ်


(ခ) မြေပြင်အထက် အမြင့်ပေ ၁၀၀၀၀ မှ ပျံသန်းရိုက်ကူးသော ကောင်းကင်ဓာတ်ပုံစကေးသည် ၁း၁၀၀၀၀ ရရှိသော် ကင်မရာဆုံတာအလျား မည်မျှအသုံးပြုခဲ့ရသနည်း။ (၁၀)မှတ်

(ဂ) ပေးထားသောကွန်တိုမြေပုံကို သေချာစွာလေ့လာပြီး အောက်ပါတို့ကို ဖြေပါ။ (၂၀)မှတ်

(၁) 'က' မှ 'ခ' သို့ ဖြတ်ပိုင်းပုံရေးဆွဲပါ။

(၂) မြေပုံပါဒေသ၏ လတ္တီကျူ၊လောင်ဂျီကျူနှင့် ဧရိယာ(စတုရန်းမိုင်)တို့ကို ဖော်ပြပါ။

(၃) မြေပုံပါဒေသ၏ မြေမျက်နှာသွင်ပြင်၊ရေဆင်းနှင့် လူနေထိုင်မှုကို ဆက်စပ်ဖြေဆိုပါ။




စကေး တစ်လက်မလျှင် နှစ်မိုင်

ကွန်တိုခြားနားခြင်း ၁၀၀ ပေ

